# ထုပ်စည်းတိုးမယ် စည်းတိုးမယ်






## ထုပ်စည်းတိုးမယ် စည်းတိုးမယ်

ထုတ်စည်းတိုးတမ်း ကစားကြတော့မယ်ဆိုရင် လူအင်အားများများနဲ့ကစားလေ၊ ပိုပျော်စရာ ကောင်းလေလို့ ပြောရတော့မှာပါပဲ ကလေးတို့ရေ။

တားတဲ့အဖွဲ့နဲ့ စည်းတိုးတဲ့အဖွဲ့ဆိုပြီး အဖွဲ့နှစ်ဖွဲ့ ခွဲပြီး ကစားကြရတာပေါ့။ မြေသလင်း ပြောင်ပြောင် ကျယ်ကျယ်အပေါ် မှာ စည်းတွေတားပြီး ကစားဖို့တော့ လိုတာပေါ့။ သူက ပြေးလွှားပြီးကစားရတဲ့ ကစားနည်းဆိုတော့ မတော်တဆ ခြေချော်လဲရင်တောင် အသားနာသက်သာတာပေါ့။ ပုံမှာပြထားသလိုမျိုး စည်းတွေဆွဲရမှာဖြစ်ပြီး အလယ်မှာရှိတဲ့ အလျားလိုက်စည်းတွေကိုတော့ တစ်ဖွဲ့မှာပါဝင်တဲ့ ကစားသမားဦးရေနဲ့ ညီမျှတဲ့ စည်းအရေအတွက်ကို ဆွဲရမှာပါ။ ( ဥပမာ - ကစားသမား ၅ ယောက်ဆိုလျှင် စည်း ၄ စည်း၊ ၆ ယောက်ဆိုလျှင် စည်း ၅ စည်း) စည်းတစ်ခုနဲ့ တစ်ခု အကွာအဝေးကလည်း ကစားမယ့်သူတွေရဲ့ လက်တစ်ကမ်းစာကျော်ကျော် အကျယ်ရှိဖို့လည်း လိုသေးတာပေါ့။

စကစားကြတော့မယ်ဆိုတာနဲ့ အပေါ်ဆုံးအကွက်မှာရှိတဲ့ ကြက်လျှာစည်းနဲ့ အလယ်အူကြောင်းစည်းကို အဖွဲ့ခေါင်းဆောင်က တာဝန်ယူရပြီး၊ ကစားသမားတစ်ယောက်ချင်းစီက အလျားလိုက် စည်းတစ်စည်းစီကို တာဝန်ယူရမှာပါ။ စည်းတိုးမယ့်သူတွေက ထိပ်ဆုံးစည်းရဲ့အပြင်ဘက်မှာ နေရာယူထားကြပြီး အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ နှစ်ဖက်ခေါင်းဆောင်တွေက ထိပ်ဆုံးစည်းအလယ်မှာ လက်ဝါးချင်းရိုက်ပြီး ကစားပွဲကို စတင်ကြောင်း ကြေငြာလေ့ရှိတာကလည်း ဒီကစားနည်းလေးရဲ့ ချစ်စရာ ပုံစံတစ်ခုပေါ့ကွယ်။

လက်ဝါးချင်းရိုက်ပြီးပြီဆိုတာနဲ့ ထုတ်စည်းတိုးမယ့်အဖွဲ့ရဲ့ ခေါင်းဆောင်လုပ်သူက ပထမဆုံး ကြက်လျှာကွက်ကစလို့ လျင်မြန်ရင်လျင်မြန်သလောက် စည်းတားတဲ့သူတွေကို ကျော်ဖြတ်ရင်း ပြေးသွားနိုင်ပါတယ်။ စည်းတားတဲ့သူတွေကလည်း ကိုယ်တာဝန်ယူထားတဲ့ စည်းရှေ့ရောက်လာရင် မကျော်နိုင်အောင် လက်နဲ့ပုတ်ပြီး ဖမ်းကြရပါတယ်။ ကိုယ့်စည်းကို ကျော်သွားပြီဆိုရင်တော့ နောက်ပြန်ဖမ်းခွင့်မရှိပါဘူး။

စည်းတိုးနေတဲ့သူတွေကလည်း အလယ်အူကြောင်းတစ်လျှောက် ပြေးလွှားရင်း ဖမ်းနေတဲ့ ခေါင်းဆောင်ကိုရော၊ ကိုယ့်ရှေ့ကစည်းမှာ ရပ်စောင့်ပြီး ဖမ်းနေတဲ့သူရဲ့ အဖမ်းမခံရအောင် ရှောင်တိမ်းရင်း အောက်ဆုံးစည်းကိုကျော်အောင် ဖြတ်ပြေးကြရတာပေါ့။ အောက်ဆုံးစည်းကို ကျော်ဖြတ်သွားနိုင်ပေမယ့် ထိပ်ဆုံးစည်းကို ပြန်ရောက်အောင် ရှောင်တိမ်းရင်း ပြန်ဖြတ်ရသေးတယ်လေ။ တိုးတဲ့အဖွဲ့ထဲက အဖွဲ့သားတစ်ယောက်ယောက် ထိပ်ဆုံးစည်းကိုရောက်အောင် ပြန်လာနိုင်ပြီဆိုရင်တော့ အောင်ပွဲခံနိုင်ပြီပေါ့။ ဒါပေမယ့် တစ်ယောက်ယောက်ကို ဖမ်းမိရင်ပဲဖြစ်ဖြစ်၊ တိုးနေရင်း စည်းတစ်ခုခုကို တက်နင်းမိရင်ပဲဖြစ်ဖြစ် တစ်ဖွဲ့လုံး သေတယ်လို့ သတ်မှတ်ပြီး တစ်လှည့် ပြန်တားပေးရမယ်ဆိုတဲ့ အချက်လေးလည်း ရှိသေးတယ်နော်။

ထုတ်စည်းတိုးကစားနည်းလေးက ပါဝင်ကစားနေကြသူတွေရော၊ ဘေးက အားပေးနေကြတဲ့ ပွဲကြည့်ပရိသတ်တွေကိုပါ ရင်တုန်ထိတ်လန့်မှုတွေနဲ့ စည်းအောင်သွားတဲ့အခါ ပျော်ရွှင်မှုတွေပေးစွမ်းနိုင်တဲ့ ကစားနည်းတစ်မျိုးပါပဲ ကလေးတို့ရေ။ တစ်ယောက်ချင်းစီတိုင်းမှာ တန်ဖိုးကိုယ်စီ ရှိပြီး၊ အခက်အခဲတစ်ခုကို စည်းစည်းလုံးလုံး စုပေါင်းကျော်ဖြတ်ရင်း အောင်မြင်မှုရရှိနိုင်ကြောင်းကို သက်သေပြတဲ့ ကစားနည်းလေးပေါ့။ လျင်မြန်ဖျတ်လတ်မှုနဲ့ ကျန်းမာသန်စွမ်းခြင်းတွေကို ရရှိစေနိုင်တဲ့ ကစားနည်းလို့လည်း သတ်မှတ်လို့ရပါတယ်ကွယ်။